မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် တစ်စုံတစ်ရာကို

ယှဉ်တွဲကိုးကွယ်ခြင်းမပြုပဲ သေဆုံးခဲ့ပါက ဂျန္နသ်သုခဘုံသို့ဝင်ရောက်ရမည်။ မည်သူမဆို

အလ္လာဟ်အရှင်မြတ်နှင့် တစ်စုံတစ်ရာကို

ယှဉ်တွဲကိုးကွယ်၍ သေဆုံးခဲ့ပါက ဂျဟန္နမ်ငရဲဘုံသို့ဝင်ရောက်ရမည်။

ဂျာဗိရ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ပုဂ္ဂိုလ်တစ်ဦးသည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံ လာရောက်၍ အို- အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်
(ဂျန္နသ်နှင့် ဂျဟန္နမ်) ဝါဂျိဗ် ထိုက်စေမည့် အချက်နှစ်ချက်မှာ အဘယ်အရာပါနည်းဟု
လျှောက်ထားမေးမြန်းခဲ့သည်။ ထိုအခါ ကိုယ်တော်က မိန့်ကြားတော်မူသည်မှာ- မည်သူမဆို
အလ္လာဟ်အရှင်မြတ်နှင့် တစ်စုံတစ်ရာကို ယှဉ်တွဲကိုးကွယ်ခြင်းမပြုပဲ သေဆုံးခဲ့ပါက
ဂျန္နသ် သုခဘုံသို့ဝင်ရောက်ရမည်။ မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့်
တစ်စုံတစ်ရာကို ယှဉ်တွဲကိုးကွယ်၍ သေဆုံးခဲ့ပါက ဂျဟန္နမ်ငရဲဘုံသို့ဝင်
ရောက်ရမည်။
[صحيح] [رواه مسلم]

ပုဂ္ဂိုလ်တစ်ဦးသည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား ဂျန္နဟ်သုခဘုံကိုရရှိစေမည့်အချက်နှင့် ဂျဟန္နမ်သို့ကျရောက်စေမည့်အချက်တို့ကိုမေးမြန်းခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က၎င်းအားဖြေကြားခဲ့သည်မှာ ဂျန္နဟ်သုခဘုံကို ရရှိစေမည့်အချက်မှာလူသားသည်အလ္လာဟ်အရှင်မြတ်တစ်ဆူတည်းကိုသာခဝပ်ကိုးကွယ်ပြီး အရှင်မြတ်နှင့်အတူမည်သည့်တစ်စုံတစ်ရာကိုမျှ ယှဉ်တွဲကိုးကွယ်ခြင်းမပြုဘဲသေဆုံးကွယ်လွန်သွားခြင်းဖြစ်သည်။ ဂျဟန္နမ်သို့ရောက်စေမည့် အချက်မှာလူသားသည်အလ္လာဟ်အရှင်မြတ်နှင့် တစ်စုံတစ်ရာကို ယှဉ်တွဲကိုးကွယ်ခြင်းဖြစ်ပြီးခဝပ်ကိုးကွယ်မှုကိုခံထိုက်ခြင်း၌လည်းကောင်း၊ အလုံးစုံကိုမွေးမြူဖန်ဆင်းထိန်းသိမ်းစောင့်ရှောက်ခြင်း၌လည်းကောင်း၊
ဂုဏ်တော်၊နာမတော်များပိုင်ဆိုင်ရာတွင်လည်းကောင်း အလ္လာဟ်အရှင်မြတ်နှင့်အတူအခြားတစ်စုံတစ်ရာသည်လည်း အတူပါဝင်နေသည်ဟု ယုံကြည်ချက်ထားကာသေဆုံးကွယ်လွန်သွားခြင်းဖြစ်သည်။

http://sunnah.global/hadeeth/my/show/65008